ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလအထိ(၆)လ
# ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

၂၀၁၈ခုနှစ်၊ မတ်လ

၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ ) လ

ရှမ်းပြည်နယ် ဒေသန္တရ စီမံကိန်း ဥပဒေ

( ၂၀၁၈ ခုနှစ် ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂ )

၁၃၇၉ ခုနှစ် ၊ တန်ခူးလဆန်း ( ၁၂ ) ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက် )

မာတိကာ



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | အခန်း(၁) အမည်၊စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက် | ၁ | ၃ |
| ၂ | အခန်း(၂) စီမံကိန်းရည်မှန်းချက်များ | ၃ | ၄ |
| ၃ | အခန်း(၃) အထွေထွေ | ၄ | ၅ |

## ၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

**(၂၀၁၈ ခုနှစ် ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂ )**

**၁၃၇၉ ခုနှစ် ၊ တန်ခူးလဆန်း ( ၁၂ ) ရက်**

**( ၂၀၁၈ ခုနှစ် ၊ မတ် လ ၂၈ ရက် )**

**နိဒါန်း**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ရပ် နှင့် ရှမ်းပြည်နယ်၏ရည်မှန်းချက်များဖြစ်သော ပြည်နယ်တွင်း စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေး အခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ၊ ပြည်နယ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံ လုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူ ပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန် ၊ ပြည်နယ်အတွင်းလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်ကို အခြေခံသောခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းဖြင့် ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိ လုပ်ကိုင်လိုသည့် စီးပွားရေး လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်တို့ကို အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ ရှမ်းပြည်နယ် လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ အထိ ( ၆ ) လ ရှမ်းပြည်နယ် ဒေသန္တရ စီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် ၂၀၁၈ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ စတင်၍ ရှမ်းပြည်နယ် တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ရှမ်းပြည်နယ်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော ရည်မှန်းချက် များ နှင့် လုပ်ငန်းအစီအစဉ်များကိုဆိုသည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးကဏ္ဍများ အလိုက် ဆောင်ရွက်ရမည့် အချက်အလက်များကိုဆိုသည်။

(ဂ) ၆ လ **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ ၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလ အထိ အကောင်အထည်ဖော်နိုင်မှုအပေါ် အခြေခံ၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ အတွင်း ဆောင်ရွက်မည့် စီမံကိန်းရည်မှန်းချက်များကိုဆိုသည်။

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းကိုဆိုသည်။

(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းကိုဆိုသည်။

(စ) **ကဏ္ဍ** ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ(၁၄)ကဏ္ဍအနက် ကဏ္ဍတစ်ရပ်ရပ် ကို ဆိုသည်။

(ဆ) **ကဏ္ဍကြီး**ဆိုသည်မှာရှမ်းပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခု ကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်း

ဖြစ်သည်။ယင်းတွင် လယ်ယာကဏ္ဍကြီး(လယ်ယာ၊သားငါး၊သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (သတ္တုနှင့် တွင်းထွက်ပစ္စည်း ၊ စက်မှုလက်မှု၊ လျှပ်စစ်ဓါတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ) ၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကိုဆိုသည်။

(ဓ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနနှင့် အဖွဲ့ အစည်းများ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသဦးစီးအဖွဲ့များကို ဆိုသည်။

**အခန်း(၂)**
**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လ ရှမ်းပြည်နယ် ဒေသန္တရ စီမံကိန်း၏ အဓိကကျသည့် စီမံကိန်း ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၅.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍတစ်ခုချင်း အလိုက် ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၄.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၆၂.၈ ရာခိုင်နှုန်းလျော့နည်းရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၃.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသအလိုက် ပုံမှန်ဈေးနှုန်းများအရ -

(၁) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၄.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၄) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၄.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ၇.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို နှစ်အလိုက်ဈေးနှုန်းအရ (၃၇.၁) ရာခိုင်နှုန်း မှ (၃၅.၇) ရာခိုင်နှုန်း၊ စက်မှု ကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၁၇.၉) ရာခိုင်နှုန်း မှ (၁၈.၂) ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၄၅.၀) ရာခိုင်နှုန်းမှ (၄၆.၁) ရာခိုင်နှုန်း သို့ အသီးသီး ဖြစ်ပေါ်ရန်၊

(င) ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၂.၅) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၅.၁) ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၈.၇) ရာခိုင်နှုန်းသို့ အသီးသီးဖြစ်ပေါ်ရန်၊

(စ) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၇၁,၁၁၄.၆၀၃ သန်း (ကျပ်ဘီလီယံ ၇၁.၁၁၄) ရင်းနှီးမြှုပ်နှံရန်၊

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) တို့တွင် ဖော်ပြထားသော ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ အလိုက်၊

ဒေသအလိုက်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း ၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်း ရေးဆွဲရေးဦးစီးဌာန အပါအဝင် တာဝန်ရှိပုဂ္ဂိုလ် ၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်း ဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ် ၊ ဌာန ၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ ၊ နည်းဥပဒေ ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆လ အတွက် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် ဆောင်ရွက်မည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၈။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ် သည့် စီစဉ်မှုများ ချမှတ်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလင်းထွဋ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

ပူးတွဲ(၁)

### ရှမ်းပြည်နယ်၏
### ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းရည်မှန်းချက်
### ကဏ္ဍကြီးများအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
### (၂၀၁၀ -၂၀၁၁ ဘဏ္ဍာနှစ် ၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလ) | | ၂၀၁၈ ခုနှစ်(ဧပြီလမှစက်တင်ဘာလ) (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | လယ်ယာကဏ္ဍကြီး | ၅၂၅၄၅၅.၄ | ၃၇.၅ | ၅၃၈၅၁၇.၂ | ၃၆.၃ | ၂.၅ |
| | ၁ | လယ်ယာ | ၃၇၅၀၀၅.၄ | ၂၆.၈ | ၃၈၃၆၅၉.၄ | ၂၅.၉ | ၂.၃ |
| | ၂ | သားငါး | ၁၄၆၆၀၀.၇ | ၁၀.၄ | ၁၅၃၄၂၅.၀ | ၁၀.၃ | ၄.၇ |
| | ၃ | သစ်တော | ၃၈၄၉.၃ | ၀.၃ | ၁၄၃၂.၈ | ၀.၁ | -၆၂.၈ |
| ၂ | | စက်မှုကဏ္ဍကြီး | ၂၃၈၆၉၃.၃ | ၁၇.၀ | ၂၅၀၉၃၉.၈ | ၁၇.၀ | ၅.၁ |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၂၈၆၆.၀ | ၃.၈ | ၅၄၃၀၉.၇ | ၃.၇ | ၂.၇ |
| | ၃ | စက်မှုလက်မှု | ၈၈၄၁၆.၂ | ၆.၃ | ၉၅၄၁၅.၀ | ၆.၄ | ၇.၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၃၀၄၀၄.၂ | ၂.၁ | ၃၁၉၉၉.၂ | ၂.၂ | ၅.၂ |
| | ၅ | ဆောက်လုပ်မှု | ၆၇၀၀၆.၉ | ၄.၈ | ၆၉၂၁၅.၉ | ၄.၇ | ၃.၃ |
| ၃ | | ဝန်ဆောင်မှုကဏ္ဍကြီး | ၆၃၇၃၄၈.၆ | ၄၅.၅ | ၆၉၂၉၄၅.၇ | ၄၆.၇ | ၈.၇ |
| | ၁ | ပို့ဆောင်ရေး | ၁၄၅၁၆၄.၉ | ၁၀.၄ | ၁၅၇၅၉၆.၅ | ၁၀.၆ | ၈.၆ |
| | ၂ | ဆက်သွယ်ရေး | ၁၀၆၇၇၈.၈ | ၇.၆ | ၁၁၆၅၅၆.၀ | ၇.၉ | ၉.၂ |
| | ၃ | ငွေရေးကြေးရေး | ၇၂၅၈.၃ | ၀.၅ | ၈၀၆၄.၂ | ၀.၅ | ၁၁.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၅၄၁၄.၃ | ၃.၂ | ၄၆၉၆၄.၄ | ၃.၂ | ၃.၄ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၁၂၈၈၄၃.၆ | ၉.၂ | ၁၄၃၈၅၈.၅ | ၉.၇ | ၁၁.၇ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၂၀၃၈၈၈.၇ | ၁၄.၆ | ၂၁၉၉၀၆.၁ | ၁၄.၈ | ၇.၉ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၁၄၀၁၄၉၇.၃ | ၁၀၀.၀ | ၁၄၈၂၄၀၂.၇ | ၁၀၀.၀ | ၅.၈ |

ဇယားတွဲ(၂)

## ရှမ်းပြည်နယ်၏
## ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းရည်မှန်းချက်
## ကဏ္ဍအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (၂၀၁၀ -၂၀၁၁ ဘဏ္ဍာနှစ် ၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလ) | | ၂၀၁၈ ခုနှစ်(ဧပြီလမှစက်တင်ဘာလ) ( စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၇၆၄၁၄၈.၇ | ၅၄.၆ | ၇၈၉၄၅၇.၀ | ၅၃.၃ | ၃.၃ |
| | ၁ | လယ်ယာ | ၃၇၅၀၀၅.၄ | ၂၆.၈ | ၃၈၃၆၅၉.၄ | ၂၅.၉ | ၂.၃ |
| | ၂ | သားငါး | ၁၄၆၆၀၀.၇ | ၁၀.၄ | ၁၅၃၄၂၅.၀ | ၁၀.၃ | ၄.၇ |
| | ၃ | သစ်တော | ၃၈၄၉.၃ | ၀.၃ | ၁၄၃၂.၈ | ၀.၁ | -၆၂.၈ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၂၈၆၆.၀ | ၃.၈ | ၅၄၃၀၉.၇ | ၃.၇ | ၂.၇ |
| | ၆ | စက်မှုလက်မှု | ၈၈၄၁၆.၂ | ၆.၃ | ၉၅၄၁၅.၀ | ၆.၄ | ၇.၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၃၀၄၀၄.၂ | ၂.၂ | ၃၁၉၉၉.၂ | ၂.၂ | ၅.၂ |
| | ၈ | ဆောက်လုပ်မှု | ၆၇၀၀၆.၉ | ၄.၈ | ၆၉၂၁၅.၉ | ၄.၇ | ၃.၃ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၄၃၃၄၅၉.၉ | ၃၀.၉ | ၄၇၃၀၃၉.၆ | ၃၁.၉ | ၉.၁ |
| | ၁ | ပို့ဆောင်ရေး | ၁၄၅၁၆၄.၉ | ၁၀.၄ | ၁၅၇၅၉၆.၅ | ၁၀.၆ | ၈.၆ |
| | ၂ | ဆက်သွယ်ရေး | ၁၀၆၇၇၈.၈ | ၇.၆ | ၁၁၆၅၅၆.၀ | ၇.၉ | ၉.၂ |
| | ၃ | ငွေရေးကြေးရေး | ၇၂၅၈.၃ | ၀.၅ | ၈၀၆၄.၂ | ၀.၅ | ၁၁.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၅၄၁၄.၃ | ၃.၂ | ၄၆၉၆၄.၄ | ၃.၂ | ၃.၄ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၁၂၈၈၄၃.၆ | ၉.၂ | ၁၄၃၈၅၈.၅ | ၉.၇ | ၁၁.၇ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၂၀၃၈၈၈.၇ | ၁၄.၅ | ၂၁၉၉၀၆.၁ | ၁၄.၈ | ၇.၉ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၁၄၀၁၄၉၇.၃ | ၁၀၀.၀ | ၁၄၈၂၄၀၂.၇ | ၁၀၀.၀ | ၅.၈ |

ပူးတွဲ(၃)

## ရှမ်းပြည်နယ်၏
## ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းရည်မှန်းချက်
## ကဏ္ဍကြီးများအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလ) | | ၂၀၁၈ ခုနှစ်(ဧပြီလမှစက်တင်ဘာလ) (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | လယ်ယာကဏ္ဍကြီး | ၆၄၈၈၉၃.၇ | ၃၇.၁ | ၆၈၈၂၆၃.၃ | ၃၅.၇ | ၆.၁ |
| | ၁ | လယ်ယာ | ၄၄၆၆၇၈.၃ | ၂၅.၅ | ၄၇၀၇၁၈.၀ | ၂၄.၄ | ၅.၄ |
| | ၂ | သားငါး | ၁၉၇၂၂၉.၄ | ၁၁.၃ | ၂၁၅၉၃၉.၂ | ၁၁.၂ | ၉.၅ |
| | ၃ | သစ်တော | ၄၉၈၆.၀ | ၀.၃ | ၁၆၀၆.၁ | ၀.၁ | -၆၇.၈ |
| ၂ | | စက်မှုကဏ္ဍကြီး | ၃၁၃၂၅၂.၀ | ၁၇.၉ | ၃၄၉၆၉၈.၉ | ၁၈.၂ | ၁၁.၆ |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၁၀၁၀.၉ | ၃.၅ | ၆၃၄၄၀.၄ | ၃.၃ | ၄.၀ |
| | ၃ | စက်မှုလက်မှု | ၁၁၁၇၂၅.၄ | ၆.၄ | ၁၂၇၀၀၃.၅ | ၆.၆ | ၁၃.၇ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၃၆၇၃၄.၆ | ၂.၁ | ၃၉၉၉၂.၈ | ၂.၁ | ၈.၉ |
| | ၅ | ဆောက်လုပ်မှု | ၁၀၃၇၈၁.၁ | ၅.၉ | ၁၁၉၂၆၂.၂ | ၆.၂ | ၁၄.၉ |
| ၃ | | ဝန်ဆောင်မှုကဏ္ဍကြီး | ၇၈၉၀၄၃.၆ | ၄၅.၀ | ၈၉၁၆၂၂.၄ | ၄၆.၁ | ၁၃.၀ |
| | ၁ | ပို့ဆောင်ရေး | ၁၆၃၅၃၁.၂ | ၉.၃ | ၁၇၈၁၅၇.၇ | ၉.၂ | ၈.၉ |
| | ၂ | ဆက်သွယ်ရေး | ၆၃၆၆၉.၀ | ၃.၆ | ၇၀၄၉၆.၉ | ၃.၆ | ၁၀.၇ |
| | ၃ | ငွေရေးကြေးရေး | ၅၆၂၄.၅ | ၀.၃ | ၆၂၄၈.၉ | ၀.၃ | ၁၁.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၉၆၁၁.၄ | ၄.၅ | ၈၂၃၃၄.၁ | ၄.၃ | ၃.၄ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၁၈၈၄၈၄.၄ | ၁၀.၈ | ၂၂၂၆၆၃.၆ | ၁၁.၅ | ၁၈.၁ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၂၈၈၁၂၃.၁ | ၁၆.၅ | ၃၃၁၇၂၁.၂ | ၁၇.၂ | ၁၅.၁ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၁၇၅၁၁၈၉.၃ | ၁၀၀.၀ | ၁၉၂၉၅၈၄.၆ | ၁၀၀.၀ | ၁၀.၂ |

ပူးတွဲ(၄)

## ရှမ်းပြည်နယ်၏
## ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းရည်မှန်းချက်
## ကဏ္ဍအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလ) | | ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလ) (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၉၆၂၁၄၅.၇ | ၅၅.၀ | ၁၀၃၇၉၆၂.၂ | ၅၃.၉ | ၇.၉ |
| | ၁ | လယ်ယာ | ၄၄၆၆၇၈.၃ | ၂၅.၅ | ၄၇၀၇၁၈.၀ | ၂၄.၄ | ၅.၄ |
| | ၂ | သားငါး | ၁၉၇၂၂၉.၄ | ၁၁.၃ | ၂၁၅၉၃၉.၂ | ၁၁.၂ | ၉.၅ |
| | ၃ | သစ်တော | ၄၉၈၆.၀ | ၀.၃ | ၁၆၀၆.၁ | ၀.၁ | -၆၇.၈ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၁၀၁၀.၉ | ၃.၅ | ၆၃၄၄၀.၄ | ၃.၃ | ၄.၀ |
| | ၆ | စက်မှုလက်မှု | ၁၁၁၇၂၅.၄ | ၆.၄ | ၁၂၇၀၀၃.၅ | ၆.၆ | ၁၃.၇ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၃၆၇၃၄.၆ | ၂.၁ | ၃၉၉၉၂.၈ | ၂.၁ | ၈.၉ |
| | ၈ | ဆောက်လုပ်မှု | ၁၀၃၇၈၁.၁ | ၅.၉ | ၁၁၉၂၆၂.၂ | ၆.၂ | ၁၄.၉ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၅၀၀၉၂၀.၅ | ၂၈.၅ | ၅၅၉၉၀၁.၂ | ၂၈.၉ | ၁၁.၈ |
| | ၁ | ပို့ဆောင်ရေး | ၁၆၃၅၃၁.၂ | ၉.၃ | ၁၇၈၁၅၇.၇ | ၉.၂ | ၈.၉ |
| | ၂ | ဆက်သွယ်ရေး | ၆၃၆၆၉.၀ | ၃.၆ | ၇၀၄၉၆.၉ | ၃.၆ | ၁၀.၇ |
| | ၃ | ငွေရေးကြေးရေး | ၅၆၂၄.၅ | ၀.၃ | ၆၂၄၈.၉ | ၀.၃ | ၁၁.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၉၆၁၁.၄ | ၄.၅ | ၈၂၃၃၄.၁ | ၄.၃ | ၃.၄ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆော | ၁၈၈၄၈၄.၄ | ၁၀.၈ | ၂၂၂၆၆၃.၆ | ၁၁.၅ | ၁၈.၁ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၂၈၈၁၂၃.၁ | ၁၆.၅ | ၃၃၁၇၂၁.၂ | ၁၇.၂ | ၁၅.၁ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၁၇၅၁၁၈၉.၃ | ၁၀၀.၀ | ၁၉၂၉၅၈၄.၆ | ၁၀၀.၀ | ၁၀.၂ |

ပူးတွဲ(၅)

## ရှမ်းပြည်နယ်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏
## ၂၀၁၈ ခုနှစ် ၊ ဧပြီလမှစက်တင်ဘာလ ၆ လ ဒေသန္တရစီမံကိန်းရည်မှန်းချက်
## စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလ) | | ၂၀၁၈ ခုနှစ်(ဧပြီလမှစက်တင်ဘာလ) (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (%) | တန်ဖိုး | ပါဝင်မှုအချိုး (%) | တိုးတက်မှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၈၀၉၄၅.၇ | ၅.၈ | ၁၀၁၁၃၆.၄ | ၆.၈ | ၂၄.၉ |
| ၂ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၅၁၀၅၅.၃ | ၃.၆ | ၅၃၁၅၆.၀ | ၃.၆ | ၄.၁ |
| ၃ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၄၀၃၉၀.၁ | ၂.၉ | ၄၁၂၂၂.၂ | ၂.၈ | ၂.၀ |
| ၄ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၂၁၇၁၁.၈ | ၁.၅ | ၂၂၇၆၇.၉ | ၁.၅ | ၄.၉ |
| ၅ | ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ၃၈၀၃၉.၆ | ၂.၇ | ၄၀၇၁၄.၁ | ၂.၇ | ၇.၀ |

ပူးတွဲ(၆)

# ရှမ်းပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏
# ၂၀၁၈ ခုနှစ် ၊ ဧပြီလမှစက်တင်ဘာလ ၆ လ ဒေသန္တရစီမံကိန်း ရည်မှန်းချက်
# စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး
# (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလ) | | ၂၀၁၈ ခုနှစ်(ဧပြီလမှစက်တင်ဘာလ) ( စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (%) | တန်ဖိုး | ပါဝင်မှုအချိုး (%) | ပြောင်းလဲမှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၁၀၆၇၉၀.၂ | ၆.၁ | ၁၃၄၃၆၇.၀ | ၇.၀ | ၂၅.၈ |
| ၂ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၆၅၅၀၅.၈ | ၃.၇ | ၇၂၈၀၄.၈ | ၃.၈ | ၁၁.၁ |
| ၃ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၄၉၇၃၇.၈ | ၂.၈ | ၅၂၈၅၂.၄ | ၂.၇ | ၆.၃ |
| ၄ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၂၉၇၈၉.၂ | ၁.၇ | ၃၂၈၇၂.၁ | ၁.၇ | ၁၀.၃ |
| ၅ | 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ၄၇၂၂၅.၈ | ၂.၇ | ၅၂၂၀၁.၀ | ၂.၇ | ၁၀.၅ |